# Android ပေါ်က အကောင်းဆုံး Social Game ၇ ခု

Social game တွေကို ကစားလာကြတာ ကာလတစ်ခုအထိ ကြာနေခဲ့ပြီဖြစ်ပါတယ်။ ပြီးတော့ အဲဒီ game တွေက ကစားလို့ ကစားမှန်းမသိတဲ့ အချိန်တွေအများကြီးကိုလည်း ကုန်ဆုံးသွားစေတတ်ကြပါတယ်။ သူ့တို့ကိုကစားရတဲ့ အဓိကအကြောင်းပြချက်ကတော့ ကစားလို့လွယ်ကူတာပဲဖြစ်ပါတယ်။ အခု Android OS ပေါ်မှာ ကစားလို့အကောင်းဆုံး social game ၇ ခုကို ဖော်ပြပေးချင်ပါတယ်။

## 1 Japan Life

မြို့နယ်အသေးလေးကနေ အစပြုရမှာ ဖြစ်ပါတယ်။ အဲဒီမှာ hotel တွေ၊ ရေပူစမ်းတွေ၊ စားသောက်ဆိုင်တွေ၊ ဘုရားကျောင်းတွေနဲ့ တခြားစိတ်ဝင်စားဖွယ်ကောင်းတဲ့နေရာတွေကို လုံလောက်အောင် ဖန်တီးရမှာဖြစ်ပါတယ်။ ပြီးတော့ ဆာမူရိုင်းတွေ၊ ဂေရှားမယ်တွေနဲ့ နင်ဂျာတွေပြောင်းရွှေ့လာတာကို စောင့်ကြည့်ရင်း ကိုယ့်ရဲ့သုခဘုံလေး ဖွံ့ဖြိုးကြီးထွားလာတာကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။







## 2 Top Eleven

ဘောလုံးကစားတာကိုကြိုက်နှစ်သက်တယ်ဆိုရင်တော့ ဒီ game က ကိုယ့်အတွက်ပဲဖြစ်ပါတယ်။ Top Eleven က ကိုယ့်ကိုအသင်းရဲ့မန်နေဂျာအဖြစ် ဝင်ရောက်ကစားစေမှာဖြစ်ပါတယ်။ ကိုယ့်ရဲ့လူတွေကို သင်ကြားပေးရမယ်၊ သူတို့ရဲ့ငွေကြေးအခြေအနေကို ထိန်းချုပ်ပေးရမယ်၊ မတူညီတဲ့ ကစားပွဲအမျိုးမျိုးအတွက် လိုအပ်တဲ့အရည်အချင်းတွေရအောင်လည်း ပြုလုပ်ပေးရပါမယ်။ ပြီးတော့ ကိုယ့်အသင်းသားတွေကို ရောင်းဝယ်လို့ရပြီး ကိုယ့်အသင်းနဲ့ တခြားအသင်းဆော့ကစားနေတာကိုလည်း live ကြည့်လို့ရစေမှာဖြစ်ပါတယ်။

## 3 Restaurant Story

ဒါကတော့ ကိုယ်ပိုင် online စားသောက်ဆိုင်တစ်ခုပြုလုပ်ပြီးတော့ စားသုံးသူတွေလာအောင် လုပ်ရမှာပဲဖြစ်ပါတယ်။ ဒီ game ရဲ့ graphics က တကယ်ပဲ လှပပြီးတော့ customize လုပ်လို့ရတဲ့ menu လည်းပါဝင်ပါတယ်။ ကိုယ့်ရဲ့ကိုယ်ပိုင် recipe တွေကိုလည်း ဖန်တီးနိုင်ပြီးတော့ facebook ပေါ်က တခြားသူငယ်ချင်းတွေကိုလည်း ဖိတ်လို့ရနိုင်ပါတယ်။






## 4 Smurfs' Village

Gargamel က gnome တွေရဲ့ အိမ်တွေကို ဖျက်ဆီးလိုက်တာကြောင့် သူတို့မှာ သွားစရာနေရာမရှိတော့ပါဘူး။ ဒါကြောင့် သူတို့ကို ကူညီပြီး တော့ ရွာအသစ်တည်ပေးရမှာဖြစ်ပါတယ်။ မှိုအိမ်တွေ၊ လမ်းတွေ၊ တံတား တွေကို ဆောက်လုပ်ပေးပြီးတော့ ကိုယ့်နယ်မြေကို တိုးတက်အောင်လုပ် ရမှာပါ။ Facebook ပေါ်က သူငယ်ချင်းတွေရဲ့ရွာတွေကိုလည်း သွား လည်ပတ်နိုင်ပြီးတော့ လက်ဆောင်တွေလည်း ပေးလို့ရစေပါတယ်။




## 5 Raging Thunder2 Lite

Android platform ပေါ်က ကစားလို့ အကောင်းဆုံး multiplayer racing game တစ်မျိုးပဲဖြစ်ပါတယ်။ ကောင်းမွန်စွာ animate လုပ်ထားတဲ့ 3D ကားတွေနဲ့ကောင်းမွန်တဲ့ ပတ်ဝန်းကျင်မှာ ယှဉ်ပြိုင်ရမှာပါ။ ပိုကောင်း တဲ့ကားကိုဝယ်ပြီးတော့ သူငယ်ချင်းတွေကို နောက်ကောက်ကျအောင် လုပ်နိုင်တဲ့အပြင် အခပေး version ကို ဝယ်ပြီးတော့ တခြားပိုပြီးကောင်း မွန်တဲ့လုပ်ဆောင်ချက်ကိုလည်း ရယူနိုင်ပါတယ်။




## 6 Words With Friends

Real-time scrable game ကိုကစားဖို့ဆိုရင်တော့ Words With Friends ကိုစမ်းကြည့်နိုင်ပါတယ်။ သူက သိပ်အားထုတ်စရာမလိုပဲ အနိုင်ရအောင် လုပ်နိုင်မယ့်ကစားနည်းလည်း ဖြစ်ပါတယ်။




## 7 Parallel Kingdom

ဒီ game က ရှိနေတာကြာပြီဖြစ်တဲ့အတွက် သူ့ကို ကြားဖူးပြီးသား ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ တကယ်စိတ်ဝင်စားစရာကောင်းပြီး တော့ ကိုယ်စွမ်းရင် စွမ်းသလောက် ကိုယ်ပိုင် society တစ်ခုကို ဖန်တီးလို့ ရစေမှာဖြစ်ပါတယ်။ နယ်ပယ်တွေကို သိမ်းယူတဲ့နေရာမှာ diplomacy နည်းအရရော၊ စစ်ပွဲနဲ့ပါ သိမ်းယူလို့ရနိုင်စေမှာဖြစ်ပါတယ်။

အခုတော့ ကိုယ်ပိုင်အချိန်တွေထဲကနေ ဝေစုတော်တော်များများကို ဖဲ့ယူသွားနိုင်စေတဲ့ social game တွေကို ဖော်ပြပေးလိုက်ပါပြီ။ အဲဒီ game တွေထဲမှာပဲ နစ်နေမိတယ်ဆိုရင်တော့ ကိုယ့်ကြောင့်လို့ပဲ မှတ်ယူစေချင်ပြီး စာရေးသူကိုတော့ အပြစ်မမြင်စေချင်ပါဘူး။